**သမတအိမ်တော်။**

**သမတအိမ်တော်၊ ရန်ကုန်မြို့။**

# ၁၉၄၈ ခုနှစ်၊ နိုင်ငံတော်သစ္စာ ဖောက်ဖျက်ပုန်ကန်မှုကြီး အက်ဥပဒေ။

**[၁၉၄၈ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၄။]**

**၁၃၀၉ ခု၊ နှောင်းကဆုန်လဆန်း ၂ ရက်။**

**(၁၉၄၈ ခု၊ ဧပြီလ ၉ ရက်။)**

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ အောက်ဖော်ပြပါ အက်ဥပဒေကို ထုတ်ပြန်ကျေညာသည်။

နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်ခြင်းပြစ်မှုကို၊ အဓိပ္ပါယ်ရှင်းလင်းဖော်ပြ၍၊ ထိုပြစ်မှုကျူး လွန်သူများအတွက်၊ သို့တည်းမဟုတ် ကြံရာပါများအတွက် အပြစ်ဒဏ်ပြဋ္ဌာန်းရန် လိုအပ်သည် ဖြစ်သော ကြောင့်၊ အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

အမည်တို။

၁။ ။ ဤအက်ဥပဒေကို **နိုင်ငံတော်သစ္စာ ဖောက်ဖျက်ပုန်ကန်မှုကြီး အက်ဥပဒေ**ဟုခေါ်ရမည်။

နိုင်ငံတော်ကျေးဇူးသစ္စာဖောက်ဖျက်မှု။

၂။ ။ မည်သူမဆို -

(က) ပြည်ထောင်စုကိုဖြစ်စေ၊ ပြည်ထောင်စု အဖွဲ့ဝင်တခုခုကိုဖြစ်စေ၊ စစ်မက်ပြိုင်ဆိုင်လျှင်၊ သို့တည်းမ ဟုတ်

(ခ) ပြည်ထောင်စုကိုဖြစ်စေ၊ ပြည်ထောင်စုအဖွဲ့ဝင် တခုခုကိုဖြစ်စေ၊ စစ်မက်ပြိုင်ဆိုင်ရန် အခြားနိုင်ငံ တခုခုကိုသော်၎င်း၊ လူတဦးဦးကိုသော်၎င်း ကူညီလျှင်၊ သို့တည်းမဟုတ်

(ဂ) ယင်းသို့ စစ်မက်ပြိုင်ဆိုင်ရန်၊ ပြည်ထောင်စုအတွင်း၌သော်၎င်း၊ ပြည်ပ၌သော်၎င်း၊ လူတဦးဦးကို လှုံ့ဆော်လျှင်၊ သို့တည်းမဟုတ် လူတဦးဦးနှင့် ပူးပေါင်းကြံစည်လျှင်၊ သို့တည်းမဟုတ်

(ဃ) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဖြင့် တည်ထောင်ခန့်အပ်သော ပြည်ထောင်စုနိုင်ငံ၏ လုပ်ငန်းအဖွဲ့ များကိုသော်၎င်း၊ ပြည်ထောင်စုအဖွဲ့ဝင်များ၏ လုပ်ငန်းအဖွဲ့များကိုသော်၎င်း၊ လက်နက်ဖြင့်ဖြစ်စေ၊ အခြားသောင်းကြမ်းသောနည်းလမ်းဖြင့် (by other violent means) ဖြစ်စေ၊ ဖြိုဖျက်ရန် ကြံစည်အား ထုတ်လျှင်၊ သို့တည်းမဟုတ် အခြားနည်းဖြင့် ပြင်ဆင်ခြင်းပြုလျှင်၊ သို့တည်းမဟုတ် ယင်းသို့ အားထုတ် မှုတွင် ပါဝင်ဆောင်ရွက်လျှင်၊ သို့တည်းမဟုတ် ယင်းသို့အားထုတ်မှုနှင့် ပတ်သက်လျှင်၊ သို့တည်းမဟုတ် ယင်းသို့ ကြံစည်အားထုတ်မှုကိုပြုရန်ဖြစ်စေ၊ ယင်းသို့ကြံစည်အားထုတ်မှုတွင် ပါဝင်ဆောင်ရွက်စေရန် ဖြစ်စေ၊ ယင်းသို့ကြံစည်အားထုတ်မှုနှင့် ပတ်သက်စေရန်ဖြစ်စေ၊ ပြည်ထောင်စု အတွင်း၌သော်၎င်း၊ ပြည်ပ ၌သော်၎င်း၊ လူတဦးဦးကို လှုံ့ဆော်လျှင်၊ သို့တည်းမဟုတ် လူတဦးဦးနှင့် ပူးပေါင်းကြံစည်လျှင်၊ ထိုသူသည်၊ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်ခြင်း ပြစ်မှုကြီးကို ကျူးလွန်သည်။

နိုင်ငံတော်သစ္စာဖေါက်ဖျက်ပုန်ကန်မှုကြီး၏ပြစ်ဒဏ်။

၃။ ။ (၁) မည်သူမဆို ပြည်ထောင်စုအတွင်းတွင်၊ နိုင်ငံတော်သစ္စာဖေါက်ဖျက်ပုန်ကန်ခြင်း ပြစ်မှုကြီးကို ကျူးလွန်လျှင်၊ သေဒဏ်စီရင်ခြင်းခံရမည်။

(၂) ပြည်ထောင်စု နိုင်ငံသားဖြစ်သူ၊ သို့တည်းမဟုတ် ယေဘူယျအားဖြင့်၊ ပြည်ထောင်စုအတွင်းတွင် နေ ထိုင်သူ တဦးတယောက်သည်၊ ပြည်ထောင်စုပြင်ပတွင် နိုင်ငံတော်၏သစ္စာကို ဖေါက်ဖျက်ပုန်ကန်လျှင်၊ သေဒဏ်စီရင်ခြင်းခံရမည်။

နိုင်ငံတော်ကျေးဇူးသစ္စာဖေါက်ဖျက်မှုကျူးလွန်သူများကို၊ အားပေးခြင်း၊ လက်ခံခြင်း၊ သို့တည်းမဟုတ် နှစ်သိမ့်ခြင်း။

၄။ ။ (၁) မည်သူမဆို နိုင်ငံတော်သစ္စာ ဖေါက်ဖျက်ပုန်ကန်မှုကြီး ကျူးလွန်ရာတွင် ပါဝင်သူဖြစ်ကြောင်း သိလျက်နှင့်ဖြစ်စေ၊ ယင်းသို့ ပါဝင်သူဖြစ်ကြောင်း ယုံကြည်ရန် အကြောင်းယုတ္တိ မိမိ၌ ရှိလျက်နှင့်ဖြစ်စေ၊ ထိုသူကို အားပေးလျှင်၊ သို့တည်းမဟုတ် လက်ခံလျှင်၊ သို့တည်းမဟုတ် နှစ်သိမ့်စေလျှင်၊ တသက်ပတ် လုံး တကျွန်းပို့ဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိ အလုပ်ကြမ်းနှင့် ထောင်ဒဏ်ဖြစ်စေ စီရင်ခြင်းခံရမည်။ ထို့ပြင် ရုံးတော်က ငွေဒဏ်ကိုလည်း ထည့်သွင်းစီရင်နိုင်သည်။

(၂) တည်ဆဲတရားဥပဒေ တစုံတခုတွင် မည်သို့ပင်ရှိစေကာမူ၊ အထောက်အခံမရှိသော သက်သေတဦး ၏ထွက်ဆိုချက်ဖြင့်၊ ဤပုဒ်မအရ ဖြစ်စေ၊ ပုဒ်မ ၃ အရဖြစ်စေ၊ ပြစ်မှုထင်ရှား မစီရင်ရ။

နိုင်ငံတော်သစ္စာဖေါက်ဖျက်မှုဆိုင်ရာ ပေါ့လျော့မှု။

၅။ ။ တစုံတယောက်သောသူက နိုင်ငံတော် သစ္စာဖေါက်ဖျက်ပုန်ကန်မှုကြီး ဖြစ်စေမည့် အပြုအမူတခုခု ကို ကျူးလွန်ရန် ကြံရွယ်ကြောင်း၊ သို့တည်းမဟုတ် ကျူးလွန်ဆဲဖြစ်ကြောင်း၊ သို့တည်းမဟုတ် ကျူးလွန် ပြီးဖြစ်ကြောင်းကို မည်သူမဆိုသိလျက်နှင့် ထိုအပြုအမူကို မိမိသိရှိသော အကြောင်းအရာများအားလုံး နှင့်တကွ ခရိုင်ရာဇဝတ်တရားသူကြီးထံတွင်ဖြစ်စေ၊ ပုလိပ်အရာရှိ တဦးဦးထံတွင်ဖြစ်စေ၊ နိုင်ငံတော်ငြိမ် ဝပ်ပိပြားရှိစေရန် အလုပ်ဝတ်တရားများကို ဆောင်ရွက်နေသည့် အခြားသူ တဦးဦးထံတွင်ဖြစ်စေ၊ ချက် ခြင်းဖွင့်ဟ ပြောဆိုခြင်းမပြုလျှင်၊ ထိုသူသည် နိုင်ငံတော်သစ္စာ၊ ဖေါက်ဖျက်ပုန်ကန်မှုကြီး ထိန်ချန်မှုကို ကျူးလွန်သည်။ ယင်းသို့ ကျူးလွန်သည့်အတွက်၊ ထိုသူသည် ခုနှစ် (၇) နှစ် အထိအလုပ်ကြမ်းနှင့်ထောင် ဒဏ်စီရင်ခြင်းခံရမည်။ ထို့ပြင်ရုံးတော်က ငွေဒဏ်ကိုလည်း ထည့်သွင်းစီရင်နိုင်သည်။

၆။ ။ ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၂၁၊ ၁၂၁ က၊ ၁၂၂၊ ၁၂၃ နှင့် ၁၂၄တို့ကို ဤအက်ဥပဒေက ရုပ်သိမ်း လိုက်သည်။ သို့ရာတွင် ယင်းသို့ ရုပ်သိမ်းခြင်းသည် အဆိုပါ ပုဒ်မများအရ၊ ယခင်က ပြုခဲ့သော ဆောင် ရွက်ချက်များကိုဖြစ်စေ၊ ထိုပုဒ်မများအရ နည်းလမ်းတကျပြုခဲ့သော၊ သို့တည်းမဟုတ် ယင်းသို့ အပြုခံရ သော ကိစ္စတခုခုကိုဖြစ်စေ၊ ထိုပုဒ်မများအရ ပြစ်ဒဏ်စီရင်ခြင်း၊ သို့တည်းမဟုတ် ဘဏ္ဍာတော်အဖြစ် သိမ်းခြင်းကို ဖြစ်စေ မထိခိုက်စေရ။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

စဝ်ရွှေသိုက်၊

နိုင်ငံတော်ယာယီသမတ။

၁၃၀၉ ခု၊ နှောင်းကဆုန်လဆန်း ၂ ရက်။

(၁၉၄၈ ခု၊ ဧပြီလ ၉ ရက်)။

အမိန့်အရ၊

ရွှေဘော်၊

နိုင်ငံတော်သမတအတွင်းဝန်။

[အမှတ် ၇၅။]